ထိန်းချုပ်မှု ကင်းမဲ့နေသော လိုင်စင်မဲ့ ပုဂ္ဂလိက အတိုးစား ချေးငွေများကြောင့် ငွေကြေး အဆင်မပြေသော အမျိုးသမီးများ အကြွေးနွံထဲ ကျရောက်ခြင်းကိုကာကွယ်ရန်

အမျိုးသမီးနှင့် တရားမျှတမှု

# ရှေ့နေမပါဘဲ အဓိပ္ပာယ်မရှိတာတွေ လာပြောနေတယ်။

Genuine People's Servants

၂၀၁၉

# အနှစ်ချုပ်

တရားမျှတမှုလက်လှမ်းမီရေးလေ့လာတွေ့ရှိချက်များအရ ကြွေးမြီအငြင်းပွားမှုသည် မြန်မာနိုင်ငံတွင် အငြင်းပွားမှုအများဆုံးထဲမှာ တစ်ခုပါဝင်နေပါသည်။ (MyJustice forthcoming[၁], UNDP 2017[၂], MyJustice 2016[၃] )။ ကြွေးမြီအငြင်းပွားမှုများသည် လိုင်စင်မဲ့ပုဂ္ဂလိကချေးငွေလုပ်ငန်းများကြောင့် နေရာအနှံ့အပြားဖြစ်နေတာကိုလေ့လာတွေ့ရှိရပါသည်။ နေ့ပြန်တိုး အဆမတန်မြင့်မားသည့် ချေးငွေများသည် ဆင်းရဲသားများအား အကြွေးနွံတွင် ရုန်းမဖယ်နိုင်အောင် ပိတ်မိနေစေသည်။ အတိုးများဆက်လက် မပေးနိုင်သောအခါတွင် ငွေချေး၏သူခြိမ်းခြောက်မှု၊ အနိုင်ယူမှုများကို ရင်ဆိုင်ကြရသည်။ မိသားစုစားဝတ်နေရေးအတွက် အခြား ရွေးချယ်စရာနည်းလမ်း နည်းပါး၍ ပိုက်ဆံအရေးတကြီးလိုအပ်နေသူများကြောင့် လစဉ်အတိုးနှုန်းခများမှာ ၂၀-၆၀ ရာခိုင်နှုန်းထိရှိပြီး နေ့ပြန်တိုးများလည်း ရှိပါသည်။ ထိုအခြေနေမျိုး ဆင်းရဲနွမ်းပါးသည့် ရပ်ကွက်နေဒေသများတွင် များပြားစွာတွေ့နေရပါသည်။ **(စစ်မှန်သော ပြည်သူ့ကျေးကျွန်အဖွဲ့ Genuine People's Servants – GPS တွေ့ဆုံမေးမြန်းချက်၊ My Justice ၂၀၁၆ သုတေသနအစီရင်ခံစာ ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေ။)**

လိုင်စင်မဲ့ပုဂ္ဂလိကငွေချေးမှုကို ဥပဒေအရ တားမြစ်ထားသော်လည်း လက်တွေ့မှာ ဥပဒေနှင့်အညီ တင်းကျပ်စွာဆောင်ရွက်မှုများ မရှိသောကြောင့်

[၁] MyJustice (forthcoming). Justice and the Law: Understanding Access to Justice in Myanmar. Yangon.
[၂] UNDP (2017). Consolidated Summary Report: Access to Justice and Informal Justice Kachin, Rakhine and Shan States; UNDP Access to Justice and Informal Justice Systems Research in Yangon Region: A Snapshot Study.
[၃] MyJustice, Denney, L., Bennett, W. and Khin Thet San (2016). Making Big Cases Small and Small Cases Disappear: Experiences of Local Justice in Myanmar, London: British Council, Overseas Development Institute and Saferworld





လိုင်စင်မဲ့ ပုဂ္ဂလိကငွေချေးသူများသည် တရားစွဲဆိုခြင်း မခံကြရကြောင်း တွေ့ရသည်။ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် ၎င်းတို့အနေဖြင့် ကြွေးမြီ အငြင်းပွားမှုများကိုဖြေရှင်းရန် လုပ်ပိုင်ခွင့်မရှိခြင်း၊ လုပ်ထုံးလုပ်နည်းများ မရှိခြင်းတို့အပြင် ထိုအငြင်းပွားမှုများတွင် ပါဝင်ပတ်သက်ရန် ရှောင်ကြည် ကြသည်။ ငွေချေးသူများကငွေယူသူများကို ခြိမ်းခြောက်အကြပ်ကိုင်နိုင်ရန် ၎င်းတို့၏ငွေကြေးအရှိန်အဝါ၊ အသိုင်းအဝိုင်းများကို အသုံးချပြီး ချေးငွေပမာဏများပါက စာချုပ်အတုများတွင် လက်မှတ်ထိုးခိုင်းခြင်းများ ပြုလုပ်ခြင်းဖြင့် အကာအကွယ်ယူကြသည်။

ငွေချေးခြင်းများအတွက် ပို၍ အဆင်ပြေစေသော စည်းမျဉ်း စည်းကမ်းများ ဖြစ်စေရန်၊ အကြွေးမြီးထောင်ချောက်ထဲတွင် ပိတ်မိခြင်းမှ ကာကွယ်နိုင်ရန် နှင့်ငွေချေးသူ ငွေယူသူနှစ်ဘက်လုံးကို ကာကွယ်ပေးနိုင်ရန်အတွက် ပုဂ္ဂလိကငွေချေးခြင်းလုပ်ငန်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားခြင်းမှပယ်ဖျက်ရန်၊ ငွေချေးသူများအတွက် ထိုက်သင့်သော လုပ်ငန်းမှတ်ပုံတင်စနစ်ထားရှိပေးရန်၊ သင့်တော်သောအတိုးနှုန်းများသတ်မှတ်ပေးရန် အကြံပြုလိုသည်။

# မှတ်တမ်းတင်ပြုစုခြင်း

စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့ (G.P.S) ကို ၂၀၁၃ခုနှစ်တွင် တက်ကြွလှုပ်ရှားသူအချို့မှ မြန်မာပြည်တွင် ဒီမိုကရေစီအရေးနှင့် တရားမျှတမှုကိစ္စများကို ဆောင်ရွက်နိုင်ရန်တည်ထောင်ခဲ့ကြသည်။ စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့ (G.P.S) သည် လူ့အခွင့်အရေးနှင့်ပတ်သတ်သောသင်တန်းများ၊ ဆန္ဒမဲပေးခြင်းဆိုင်ရာသင်တန်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သတ်သောသင်တန်းများကို ပြုလုပ်ခဲ့သည်။ G.P.Sသည် လယ်သမားများ၏မြေယာ အငြင်းပွားမှုကိစ္စရပ်များကဲ့သို့သော မြေယာရပိုင်ခွင့်ကိစ္စများကိုလည်း အဓိကလုပ်ဆောင်သည်။

G.P.S ၏ ကနဦး ရည်မှန်းချက်မှာအမျိုးသမီးများ မြေယာမှတ်ပုံတင်မှု လက်လှမ်းမှီရေး ကိစ္စများကို မှတ်တမ်းတင်ရန် ဖြစ်သည်။ သို့သော် ရန်ကုန်တိုင်းဒေသ၏ကြီးအတွင်းရှိ ကျေးရွာများတွင် ပြုလုပ်ခဲ့သော ကနဦးအုပ်စုဖွဲ့ဆွေးနွေးပွဲများအရ အမျိုးသမီးများ လိုင်စင်မဲ့ပုဂ္ဂလိကချေးငွေများကြောင့်ဖိနှိပ်ခံနေရခြင်း၊ ခြိမ်းခြောက်ခံနေရခြင်း ထိုမှတဆင့် ကြွေးမြီအငြင်းပွားမှုများ ဖြစ်နေရခြင်းတို့ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် တရားမဝင်ငွေချေးမှုများမှ ဖြစ်ပေါ်လာသော ကြွေးမြီအငြင်းပွားမှုများကိုလေ့လာစောင့်ကြည့်ကာမှတ်တမ်းတင်ကြသည်။ ကြွေးမြီအငြင်းပွားမှုများတွင် တွေ့ရလေ့ရှိသော သာဓကနှစ်ခုအား ဖော်ပြရန်ရွေးချယ်ခဲ့သည်။ ငွေယူသူများသည် မပြီးဆုံးနိုင်သည့်အတိုးနှုန်းသံသရာတွင်ပိတ်မိနေပြီး ငွေချေးပေးသူများ၏ ခြိမ်းခြောက်အနိုင်ယူမှုများကို ခံစားရကာတရားစွဲဆိုခြင်းမခံရသော လိုင်စင်မဲ့တရားမဝင်ငွေချေးသူများအောက်မှ လွတ်မြောက်ရန်တရားမျှတမှုကို ရှာဖွေနေကြပြီး နောက်ဆုံးတွင်တရားရုံးသို့ရောက်ကြရသည်။

G.P.S သည် ထိုသာဓကနှစ်ခုအားငွေယူသူ၊ ငွေချေးပေးသူ[၄]၊ ဥပဒေဆိုင်ရာအထောက်အကူပြုသူများ၊ ရှေ့နေများ၊ အုပ်ချုပ်ရေးမှူးများနှင့် ထဲထဲဝင်ဝင်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပြီး မှတ်တမ်းတင်ပြုစုခဲ့သည်။

[၄] သာဓက(၂)တွင် ငွေယူသူကိုယ်တိုင်က ငွေပြန်လည်ချေးခြင်းကို လုပ်ကိုင်သည်။





# အတိုးနှုန်းထားမှု အလွန်မြင့်မားသောလိုင်စင်မဲ့ တရားမဝင်ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ

၂၀၁၁ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ **(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃၊ ၂၀၁၁ ခုနှစ်၊ နိုင်ဝင်ဘာလ ၃၀)** အရ အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်တွဲဖက်ပြီးအသေးစားငွေရေးကြေးရေးလုပ်ငန်းများလုပ်ကိုင်ခြင်းကို ခွင့်ပြုခဲ့သည်။ သို့သော်လည်း လုပ်ငန်းမှတ်ပုံတင်ရန်လုပ်ငန်းစဉ်မှာ ရှုပ်ထွေးပြီး ပုဂ္ဂလိကအသေးစားငွေချေးသူများအနေနှင့် မှတ်ပုံမတင်နိုင်ဘဲလိုင်စင်မဲ့ တရားမဝင်သောနည်းလမ်း(တနည်းအားဖြင့်မှောင်ခိုဈေးကွက်)တွင်ဆက်လက်ရှင်သန်နေသည်။ ထို့ပြင်ချေးငွေဆိုင်းငံ့မှု အစီအစဉ်များထားရှိပေးရန်လိုအပ်ပြီးထိုအစီအစဉ်မှာလည်း နေရာအတော်များများတွင် မရရှိသောကြောင့် ရွှေ့ပြောင်းလုပ်သားများ၊ လက်လုပ်လက်စားများ အတွက် ထိုချေးငွေများကို လက်လှမ်းမှီရန် အလွန်ခက်ခဲပါသည်။ ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းသည် တရားဝင်ချေးငွေ အစီအစဉ်များကို လက်လှမ်းမှီမှုမရှိပေ။ G.P.Sအဖွဲ့၏ တွေ့ဆုံမေးမြန်းမှုများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများနှင့် သာဓကများအရဆိုလျှင် ငွေကြေးနွမ်းပါးသော အမျိုးသမီးများနှင့် ကလေးများကိုတစ်ယောက်တည်းအုပ်ထိန်းရသော မိခင်များသည် အမျိုးသားများ[၅] ထက် ငွေများကို အတိုးနှုန်းကြီးစွာ ချေးကြရပြီး နောက်ဆုံးတွင် အကြွေးသံသရာထဲတွင် ပိတ်မိနေခြင်းများနှင့် အဆုံးသတ်ကြသည်။

[၅] တိကျသောကိန်းဂဏန်းဆိုင်ရာအချက်အလက်များမရှိပဲ ဤအသေးစားလုပ်ဆောင်ထားသော မှတ်တမ်းပြုစုခြင်းလုပ်ငန်း တစ်ခုတည်း၏ရလဒ်နှင့် တရားသေကောက်ချက်ချရန် မဖြစ်နိုင်ပါ။

သာဓက ၁

# မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး[၆] ဒေါ်ညို

နေ့စဉ်လုပ်ဆောင်နေသမျှ အလုပ်အားလုံးသည် အတိုးငွေကို ပေးရန်သာလုံးပန်းနေရပြီး မိမိချေးယူခဲ့သည့် အရင်းငွေကို ဆပ်နိုင်ခြင်းမရှိတော့ဘဲ နေ့စဉ်ပေးနေရသော အတိုးငွေနွံတွင်သာ နစ်နေခဲ့ရသည်။



[၆] တွေ့ဆုံဖြေကြားပေးသူများ၏ ဘဝလုံခြုံရေးအရ ကာကွယ်ပေးနိုင်ရန် ၎င်းတို့၏ အမည်အရင်းများကို ပြောင်းလဲထားပြီး မြို့နယ်များ နှင့်အခြားနေရာများ ၏ အမည်များကို မှုခင်းလေ့လာခြင်းများမှ ချန်လှပ်ထားခဲ့သည်။



အမျိုးသမီးတစ်ယောက်သည် ငွေတိုးချေးစားပြီး စီးပွားရေးလုပ်စားနေသူတစ်ဦးထံမှ ငွေကျပ်တစ်သိန်းခွဲ (၁၅၀,၀၀၀)ကျပ်ကို ချေးယူခဲ့ပါသည်။ အတိုးနှုန်းအနေဖြင့် ထိုငွေကျပ်တစ်သိန်းခွဲ မပေးနိုင်မချင်း တစ်ရက်လျှင်အတိုးနှုန်း (၆,၀၀၀) ကျပ် ပေးခြင်းဖြင့် ချေးယူခဲ့ပါသည်။ ထိုအမျိုးသမီးနေ့စဉ်လုပ်ဆောင်နေသမျှ အလုပ်အားလုံးသည် ထိုအတိုးငွေကိုပေးရန်သာလုံးပန်းနေရပြီး မိမိချေးယူခဲ့သည့်အရင်းငွေကိုဆပ်နိုင်ခြင်းမရှိတော့ဘဲ နေ့စဉ်ပေးနေရသော အတိုးငွေနွံတွင်သာနစ်နေပါသည်။ ထိုသို့အတိုးပေးနေရခြင်းသည် တစ်နှစ်ကျော်ကြာသည်အထိပင်(ငွေအရင်းထက် ၆ဆ ကျော်နေသောအတိုးငွေ ပေးပြီးသည့်အချိန်အထိပင်ဖြစ်ပါသည်။ ထို့နောက်ပိုင်းတွင် အိမ်အတွင်းအကြပ်တည်းများကြောင့် ဆက်မပေးနိုင်တော့ပဲ ရက်အပိုင်းအခြားတစ်ခု ရပ်တန့်သွားသောအချိန်၌ ငွေတိုးချေးစားသူငွေရှင်မှ အိမ်ပေါ်သို့တက်ရိုက်ခြင်း၊ ဆဲဆိုခြင်း၊ရဲစခန်းတွင်း၌ပင်အကြမ်းဖက်ခြင်းများ ပြုလုပ်ခြင်းခံရပါသည်။ လက်ရှိတွင် ထိုဖြစ်စဉ်သည် တရားရုံးသို့ရောက်ရှိနေပြီး နာကျင်စေမှု၊ ဆဲဆိုမှုအပါအဝင်တစ်ခြား သက်ဆိုင်သော ဥပဒေပုဒ်မများကို အပြန်အလှန် တရားစွဲဆိုကြခြင်းဖြစ်နေပြီး ဤအမှုအား လက်ရှိအချိန်တွင် တရားရုံးမှာ တရားရင်ဆိုင်စစ်ဆေးနေသည့်အဆင့် ဖြစ်ပါသည်။

**နစ်နာသူဒေါ်ညိုသည် သူမ၏အမျိုးသား အိမ်ထောင်ရေး ဖောက်ပြန်သောကြောင့်လည်းကောင်း၊ သူမ၏အစ်မ ကျန်းမာရေးအခြေအနေကြောင့် သော်လည်းကောင်း ငွေရေးကြေးရေး မပြေလည်သောကြောင့် စတင်ချေးယူခဲ့မိပါသည်။**

ဒေါ်ညိုသည်သူမ၏အစ်မအပျိုကြီးအပါအဝင်သူမ၏အမေဖြစ်သူ၊ (၁၅)နှစ်နှင့်(၁၆)နှစ် အရွယ်သမီး(၂)ယောက်တို့နှင့်အတူ မြောက်ဒဂုံမြို့နယ်တွင်ပျဉ်ထောင်အိမ်ဖြင့်နေထိုင် လျက်ရှိပါသည်။ သူမ၏(၁၉)နှစ်အရွယ်ရှိ အကြီးဆုံးသမီးကြီးသည်လွန်ခဲ့သောနှစ်က အိမ်ထောင်ကျကာ တစ်ခြားမြို့နယ်ရှိ ယောက္ခမအိမ်တွင်သွားရောက် နေထိုင်လျက် ရှိပါသည်။ ဒေါ်ညို၏အမျိုးသားသည်သူမနှင့်မိသားစုအား နှစ်အတော်ကြာထားခဲ့ပြီး နောက်အိမ်ထောင် အမျိုးသမီးနှင့်ထိုအမျိုးသမီးနှင့်ရသော (၁၃)နှစ်အရွယ် ကလေး နှင့်အတူနေထိုင်လျက်ရှိပါသည်။ ဒေါ်ညိုသည်ယခင်ကသာကေတတွင် နေထိုင်လျက် ရှိရာ အိမ်ငှားခ မတတ်နိုင်တော့သောကြောင့် မြောက်ဒဂုံသို့ပြောင်းရွှေ့ ခဲ့ရခြင်း ဖြစ်သည်။ လက်ရှိမြောက်ဒဂုံတွင် သူမအမျိုးသားအစ်ကို(ခဲအို) ပိုင်ဆိုင်သော

အိမ်တွင်အိမ်ငှားခပေးစရာမလိုဘဲ နေထိုင်နေကြရသော်လည်း သူမအမျိုးသားသည် သူမနှင့်သူမ၏ သမီးများကိုငွေကြေးထောက်ပံ့မှု လုံးဝမရှိပါ။ လက်ရှိအိမ်သည်လည်း ရောင်းရန်ဆိုင်းပုဒ် တပ်ထားသောအိမ်ဖြစ်ပါသည်။ ထို့ကြောင့် သူမတို့သည်ထိုအိမ် ရောင်းမထွက်မချင်းသာ နေထိုင်ခွင့်ရကြသည်။

**ဒေါ်ညိုသည် သူမနှင့်သူမ၏သမီးများအားတစ်စုံတစ်ရာထောက်ပံ့မှုမရှိဘဲ ပစ်ထားသော သူမ၏အမျိုးသား နှင့်ပတ်သတ်ပြီး မခံမရပ်နိုင်ခံစားရသောကြောင့် ၂၀၁၅ တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေဖြင့် တရားစွဲရန်တွေးမိခဲ့ပါသည်။**

ထို့အပြင်သူမသည် သူမ၏အမျိုးသားလုပ်ရပ်ကြောင့် သူမ၏သမီးများ ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရခြင်း၊ အရှက်ရရခြင်းနှင့်သူမ၏သမီးကြီးသည် စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုဒဏ် မခံနိုင်တော့ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခြင်းများ ဖြစ်သည်ဟုအပြစ်တင်နေပါသည်။

**ထို့ကြောင့် ဒေါ်ညိုသည်သူမ၏ ဆွေမျိုးများမှပေးအပ်သောချေးငွေများဖြင့် အိမ်အတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနေရခြင်းဖြစ်ပါသည်။**

ဒေါ်ညိုနှင့် သူမ၏အစ်မသည် စက်ချုပ်လုပ်ငန်းဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြု နေကြခြင်းဖြစ်သည်။ ပိတ်စများကိုဝယ်ယူပြီး ဒေါ်ညို၏အစ်မသည် ထိုပိတ်စများကို ဘောင်းဘီများချုပ်ကာ ထိုဘောင်းဘီများကို ဒေါ်ညိုသည်သာကေတဈေးထဲမှာ သွားရောက်ရောင်းချနေခြင်းဖြစ်သည်။ သာကေတမှာ ယခင်သူမတို့နေခဲ့သောနေရာ ဖြစ်သောကြောင့်အသိမိတ်ဆွေတွေများပြား၍မြောက်ဒဂုံမှာရောင်းတာထက် ပိုအလုပ် ဖြစ်သည်ဟုဆိုနိုင်သည်။ ညီအစ်မနှစ်ယောက်စလုံးသည် ကျန်းမာရေးမကောင်းသည့် ကြားမှ ရုန်းကန်လှုပ်ရှားနေရပြီး ထိုလုပ်ငန်းသည်လည်းပုံမှန်ဝင်ငွေမရရှိသောကြောင့် အရင်းအနှီးများများဖြင့် ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ဘဲတစ်နေ့ရ တစ်နေ့စား ရုန်းကန် လုပ်နေရခြင်းဖြစ်သည်။ ဒေါ်ညို၏ အစ်မသည် လွန်ခဲ့သောနှစ်က ရင်သားကင်ဆာ ကြောင့်ရင်သားခွဲစိတ်ထားရပြီး လက်ရှိတွင်နေကောင်းစ ဖြစ်လာသောအချိန် ဖြစ်ပါသည်။ သို့သော်လက်ရှိ သူမတို့၏ ဆိုးရွားလှသော ငွေရေးကြေးရေး အဆင်မပြေမှု အခြေအနေကြောင့် ခွဲစိတ်ပြီးနောက်ဆရာဝန်မှ သောက်သုံးရန်





ညွှန်ကြားထားသော ဆေးများကို ပုံမှန် မဝယ်သောက်နိုင်သည်မှာ လအနည်းငယ် ကြာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ဒေါ်ညိုသည် မိသားစုစရိတ်ရရန် အပြင်းအထန် ရုန်းကန်ကြိုးစားနေရသည်။

**အိမ်တွင်းအသုံးစရိတ်များ မလုံလောက်တဲ့အပြင်အခြားမျိုးစုံကိစ္စရပ်များကို ဖြေရှင်းနေရ၍ တစ်ခြား ရွေးချယ်စရာနည်းလမ်းလည်း မရှိတော့ပါ။ အတိုးနှုန်းမြင့်သောချေးငွေများအား ငွေရှင်များထံမှ ချေးယူနေရခြင်းအထိ ဖြစ်လာရပါသည်။**

သူမသည် အိမ်နီးချင်းများမှ ချိတ်ဆက်ပေး၍ အတိုးနှုန်းများသော ကျပ်ငွေတစ်သိန်းခွဲ (၁၅၀,၀၀၀ ကျပ်)တိတိကို ငွေရှင် (ငွေချေးပေးသူ) ထံမှ ချေးယူခဲ့ရသည်။

**ထိုကဲ့သို့အတိုးပေးရသော အခေါ်အဝေါ်ကို “မတ်တိုး” ဟုခေါ်ဆိုနေကြပြီး ရပ်ကွက် ထဲတွင် “မတ်တိုး ချေးငွေ” ဖြင့်ငွေပေးနေသောသူများ ရှိကြသည်။**

ရပ်ကွက်ထဲတွင် ထိုကဲ့သို့ ငွေတိုးချေးစားသူ များစွာ ရှိနေ၍ ငွေတစ်သိန်းချေးပါက တစ်ရက်လျှင်(၄,၀၀၀)ကျပ်ပေးရသော မတ်တိုးများဖြင့်သာငွေချေးသူများရှိကြပါသည်။ ငွေချေးမတ်တိုးနှုန်းသည်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိနေ့စားလုပ်တန်းစား ရပ်ကွက် တွင် နေထိုင်သောပြည်သူများကို အကြွေးနွံအတွင်းသို့အလွယ်တကူရောက်စေသော ထောင်ချောက်တစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လတ်တလော ငွေကြေး အလျှင်လိုအပ်ချက်များကို ထိုငွေအတိုးနှုန်းမြင့်မြင့်ဖြင့် ငွေချေးပေး သူများမှသာလျှင် ဖြေရှင်း ပေးနိုင်ခြင်းကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ ချေးငွေ အနည်းငယ်မျှဖြင့် မိမိအိမ်ကို ဆုံးရှုံးမှုရခြင်း၊ မြေကို ဆုံးရှုံးလက်လွှတ်လိုက်ရခြင်းတို့အပြင် ငွေကြေး အငြင်းပွားမှုများမှတဆင့် ပြစ်မှုများ၊ အကြမ်းဖက်မှုများ၊ စော်ကားမှုများကျူးလွန်ခြင်း များလည်း ဖြစ်ခဲ့သည်။

**ငွေချေးပေးသူသည် ဒေါ်ညိုနှင့် တစ်လမ်းထဲနေသူဖြစ်၍ ငွေကြေးအတော်အတန်ရှိသော တစ်ခြား ငွေရှင်အမျိုးသမီးဆီမှ အတိုးနှုန်းနည်းနည်းဖြင့်ချေးယူပြီး ထိုမှတဆင့်ဒေါ်ညိုကို ငွေချေးပေးသည်ကို အတိုးနှုန်းမြင့်မြင့်ချေးပေးခြင်းဖြစ်သည်။**

ငှင်းငွေရှင်များသည် ဒေါ်ညိုအား လူမြင်ကွင်းရှေ့တွင် ခြိမ်းခြောက်မှုများ၊ အိမ်ထိလာရောက်ပြီး ခြိမ်းခြောက်မှုများပြုလုပ်ပြီး တစ်ခြားငွေယူသည့်သူများကိုလည်း အလားတူပြုလုပ်သည်။

**ဒေါ်ညိုနှင့် သူမ၏အစ်မသည် နေ့စဉ်အတိုးငွေကို ပေးနိုင်ရန်သာ ရုန်းကန်နေရပြီး ချေးငွေအရင်းကို ပေးဆပ်နိုင်ရန်မတတ်နိုင်ခဲ့ပါ။**

ဒေါ်ညိုသည် နေ့စဉ်နှင့်အမျှ အတိုးငွေများအား ပေးသွင်းခဲ့ကြသည်။ ထိုသို့ ပေးလာသည့်ကာလမှာ တစ်နှစ်နီးပါးရှိခဲ့၍ သူမသည် အတိုးပေးသွင်းခြင်း ပျက်ကွက်ခဲ့သောရက်များများလာသောကြောင့် တိုးရင်းပေါင်းပမာဏမှာ ၂၅၀,၀၀၀ကျပ် အထိ တက်လာခဲ့သည်။

**ထိုသို့ နေ့စဉ်ပေးရသည့် အတိုးငွေများပေးသွင်းရန် ကြပ်တည်းလာသောအချိန်မှာပင် သူမသည် အတိုးငွေကျပ် (၆၇၀,၀၀၀)ကျပ်တိတိကို ပေးပြီးဖြစ်သည်။**

အတိုးသီးသန့် ၆၇၀,၀၀၀ ဆပ်ပြီးသည့်တိုင် အရင်းကိုကျေအောင်မဆပ်နိုင်သေးပါ။ ဒေါ်ညိုသည် ငွေရှင်အားအရင်းငွေကို ဖြည်းဖြည်းချင်း ဆပ်သွားရန် တောင်းပန်ခြင်း၊ ကတိပေးခဲ့ခြင်းများပြုလုပ်ပြီး အရင်းငွေကို ကြေသွားရန်အတွက် ကြိမ်ဖန်များစွာ ထပ်မံကြိုးစားခဲ့ရသည်။

**အတိုးငွေများမှန်မှန်မပေးသွင်းသည့် အတွက်ကြောင့် ငွေရှင်သည် ဒေါ်ညိုအားစိတ်ဆိုးဒေါသထွက်၍ ကြမ်းတမ်းသည့်ပြောဆိုမှုများ၊ စော်ကားမှုများ၊ ခြိမ်းခြောက်မှုများနှင့် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများအထိ ပြုလုပ်လာသည်။**

ငွေရှင်မှ ဒေါ်ညို၏အိမ်ရှေ့မှာ စတင်စော်ကားဆဲဆိုနေသည့်အချိန်တွင် ဒေါ်ညိုမှာ အလွန်ရှက်မိခြင်း၊ ကြောက်မိခြင်းများကြောင့် ဒေါ်ညိုသည် အိမ်တံခါးအားပိတ်ထားခဲ့ရခြင်းများ ဖြစ်ခဲ့သည်။ထိုအချိန်မှစ၍ငွေရှင်သည် အိမ်တံခါးမကြီးနှင့်ပြတင်းပေါက်မှန်များအား ကျောက်ခဲဖြင့်ထုခဲ့ခြင်းများပြုလုပ်ပြီး အိမ်အတွင်းဝင်ရောက်ကာမိသားစုများအား တုတ်ဖြင့်ရိုက်ခြင်း၊ လက်ဖြင့်ဝင်ရိုက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဒေါ်ညို





အစ်မနှင့်သမီးကြီးသည်လည်း တစ်ဖက်မှကိုယ်ထိလက်ရောက် တိုက်ခိုက်လာသောကြောင့် ပြန်လည်ခုခံကာကွယ်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်ညို၏ အသိမိတ်ဆွေများနှင့် ငွေရှင်၏ အသိမိတ်ဆွေများသည် အိမ်ရှေ့တွင် ထိုဖြစ်စဉ်များကို ရပ်ကြည့်ရှုသက်သက်သာရှိခဲ့သည်။

**ဒေါ်ညိုသည် ဖုန်း ၁၉၉ အား ခေါ်ဆိုတိုင်ကြားလိုက်သည့် အတွက်ကြောင့် တာဝန်ရှိရဲများရောက်ရှိလာပြီး ထိုဖြစ်စဉ်ထဲမှာပါဝင်သောသူများအားလုံးကို နီးစပ်ရာ နယ်မြေရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ကြသည်။**

ရဲစခန်း၌လည်း ငွေရှင်သည် ဒေါ်ညို၏ ဆံပင်ကို ဆောင့်ဆွဲခြင်း၊ ပါးရိုက်ခြင်းနှင့် ခေါင်းနှင့် အုပ်နံရံကို ဆောင့်ခြင်းများ ကျူးလွန်ခဲ့သည်။ တာဝန်ကျရဲများသည် ဝင်ရောက်တားမြစ်ခြင်းမရှိဘဲ ထိုဖြစ်စဉ်ကို အံ့ဩစွာ ကြည့်နေခဲ့သည်။ ဒေါ်ညို၏ ထိခိုက်ဒဏ်ရာရရှိမှုများမှာ ပြင်းထန်နေသောကြောင့် ဆေးရုံသို့ အမြန်ပို့ခဲ့ရသည်။



**ထိုဖြစ်ရပ်များအား တာဝန်ရှိရဲများသည် ငွေရှင်ကို အောက်ပါရာဇသတ်ကြီး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ ၎င်းစွဲဆိုထားသည့် ဥပဒေပုဒ်မများတွင် ငွေရှင်မှ တရားမဝင်ငွေချေးလုပ်ငန်း လုပ်နေခြင်းအချက်များ မပါရှိပေ။**

- **ရာဇသတ်ကြီး ပုဒ်မ ၃၂၃**
  **"မိမိအလိုအလျောက် နာကျင်စေမှုအတွက် ပြစ်ဒဏ်"**
- **ရာဇသတ်ကြီး ပုဒ်မ ၃၃၆**
  **"အခြားသူ၏အသက်ကို သို့တည်းမဟုတ် လုံခြုံရေးကိုဘေးဖြစ်စေသောပြုလုပ်မှု"**
- **ရာဇသတ်ကြီး ပုဒ်မ ၄၂၇**
  **"အဘိုးငွေ ငါးဆယ်ကျပ်အောက်မနည်းပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှု"**
- **ရာဇသတ်ကြီး ပုဒ်မ ၄၅၁**
  **"ထောင်ဒဏ် ထိုက်သည့် ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု"**
- **ရာဇသတ်ကြီး ပုဒ်မ ၂၉၄**
  **"ညစ်ညမ်းသော ပြုလုပ်မှုများနှင့် ညစ်ညမ်းသော သီးချင်းများ"**
- **ရာဇသတ်ကြီး ပုဒ်မ ၅၀၆**
  **"ရာဇဝတ်မှုမကင်းသော ခြောက်လှန့်မှုအတွက် ပြစ်ဒဏ်"**

## ခြိမ်းခြောက်မှုများနှင့် စော်ကားမှုများ ဆက်လက်ဖြစ်ခဲ့ခြင်း။

ဒေါ်ညိုသည် ရဲစခန်းတွင်အမှုဖွင့်လိုက်သောအခါ ငွေရှင်၏ မိတ်ဆွေများမှ ခြိမ်းခြောက်ခြင်းများ စတင်လာပါတော့သည်။ အကယ်၍ အမှုအားပိတ်ပေးပါက ဆေးဖိုးပေးမည်ဟုလည်း မိတ်ဆွေများမှတဆင့် လာရောက်ညှိနှိုင်းခြင်းများလည်း ရှိပါသည်။ ထိုသို့ မိတ်ဆွေများနှင့်ညှိခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်သည့်အပြင် လမ်းမှာတွေ့လျှင်လည်း အသံကျယ်ကျယ်ဖြင့်ကြားအောင် ခြိမ်းခြောက်ပြောဆိုခြင်းများပြုလုပ်ပါသည်။ တာဝန်ရှိရဲများမှ အမှုဖြစ်စဉ်ကို ရေးသားပြီး ဒေါ်ညိုအား လက်မှတ်ထိုးရန် ဖတ်ကြည့်ခိုင်းသော အချိန်တွင် ရေးသားထားသည်များမှာ အမှန်တစ်ကယ်ဖြစ်ပျက်ခဲ့သော အရေးကြီးအချက်အလက်များ မပါဝင်သည်ကို လေ့လာတွေ့ရှိရသည်။ သူမမှ ပြန်လည်ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ရန် တောင်းဆိုသည့်အခါတွင်လည်း စိတ်မရှည်စွာဖြင့် ပြောဆိုပြီး နောက်ဆုံးတွင်



အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၁

သူမအား ကိုယ်တိုင်ရေးခိုင်းပါသည်။ ဒေါ်ညိုသည် ဆေးရုံမှ ဆေးစစ်ချက်ကိုစောင့်ရခြင်း၊ ထိုတာဝန်ရှိရဲများထံတင်ပြရန် သတင်းပေးတိုင်တန်းချက်ကို ရေးရခြင်းများကြောင့် ရက်အနည်းငယ်ကြာမှသာ ထိုဆေးစစ်ချက်နှင့် တိုင်တန်းချက်ကို တာဝန်ရှိရဲများထံ ပေးနိုင်ခဲ့ပါသည်။

## ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် လိုင်စင်မဲ့တရားမဝင်သော ငွေချေးလုပ်ငန်းများကို ဥပက္ခာပြုထားခြင်း

လူနေရပ်ကွက်တွင်းရှိ လိုင်စင်မဲ့တရားမဝင်ငွေချေးလုပ်ငန်းကိစ္စများ၏ ကျော်စောသတင်းကိုရပ်ကွက်အုပ်ချုပ်ရေးမှူးအတော်များများ ကြားသိခဲ့ပြီး အကျိုးသက်ရောက်မှုများ၊ အကျိုးဆက်များကိုလည်း နားလည်ထားသည်။ သို့သော် လိုင်စင်မဲ့ တရားမဝင်ငွေချေးလုပ်ငန်း လုပ်ကိုင်နေသူများကို မည်သည့်အရေးယူမှုများမျှမရှိခဲ့ပါ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာလည်း **"ငွေကြေးကိစ္စ လုံးဝရှင်းမပေးပါ။"** ဟု စာဖြင့်ရေးသားချိတ်ဆွဲထားခြင်းကိုတွေ့ရှိရသည်။




## ဥပဒေဆိုင်ရာအကူအညီပေးမှုများမရရှိခြင်း။

တရားရုံးတွင်ဒေါ်ညိုသည် ဥပဒေဆိုင်ရာအကူအညီပေးသည့်အဖွဲ့အစည်းတစ်ခု၏ လက်ကမ်းစာစောင်အားတွေ့မြင်ခဲ့ပါသည်။ ထိုအဖွဲ့အစည်းမှသူမအား ဥပဒေအကြံဉာဏ်များပေးရန် သဘောတူညီခဲ့သော်လည်း ရှေ့နေနှင့် အခြားကိစ္စရပ်များအားကူညီနိုင်ရန်မှာ သူမမှုခင်းဖြစ်သော မြောက်ဒဂုံသည် ထိုအဖွဲ့၏ စီမံကိန်းပရောဂျက်

နေရာ မဟုတ်သောကြောင့် အဆင်မပြေခဲ့ပါ။ ထိုအဖွဲ့သည် တစ်ခြားဥပဒေဆိုင်ရာ အကူအညီပေးနေ သောအဖွဲ့များဖြင့် ချိတ်ဆက်ပေးသော်လည်း ဥပဒေဆိုင်ရာအကူအညီများ ရဖို့ရန်အဆင်မပြေခဲ့ပါ။ ထို့ကြောင့် ဒေါ်ညိုသည် ရှေ့နေမပါဘဲ အမှုအား ဆက်လက်ရင်ဆိုင်နေရပါသည်။

**အမှုပိတ်ဖို့အတွက် ဒေါ်ညိုကို တာဝန်ရှိရဲများကတိုက်တွန်းခဲ့ခြင်း။**

တရားရုံးသို့အမှုမတင်ခင်တာဝန်ရှိရဲများသည် အမှုသည်နှစ်ဖက်စလုံးအား ရဲစခန်းသို့ မကြာခဏခေါ်၍ ဒေါ်ညိုအားအမှုပိတ်သိမ်းပေးရန်နှင့် ဆက်သွားပါက တရားရုံးတွင် အချိန်ကြန့်ကြာကာ အမှုလည်းနိုင်မည်မဟုတ်ကြောင်း ပြောခဲ့ပါသည်။ ငွေရှင်မှ ဒေါ်ညိုသည် လျော်ကြေးလိုချင်သောကြောင့်လုပ်နေတာဖြစ်ကြောင်း ဒေါသတကြီး စွပ်စွဲပြောဆိုခဲ့သည်။ ဒေါ်ညိုသည် အမှုကို မပိတ်သိမ်းခဲ့ပါ။ ထို့နောက် ဒုတိယအကြိမ် ငွေရှင်မပါဘဲ ဒေါ်ညိုအားခေါ်ပါသည်။ တာဝန်ရဲများသည် ထိုတစ်ကြိမ်တွင်လည်း အမှုကျေအေးပေးရန် အမှုပိတ်ပေးရန်သာ ထပ်မံပြောဆိုပြီး ဒေါ်ညိုက လက်မခံခဲ့ပါ။

**ထို့ကြောင့် ငွေရှင်မှလည်း ဒေါ်ညိုအားအပြန်အလှန်တရားစွဲဆိုမှုများ ဖြစ်ခဲ့ပါသည်။**

တရားစွဲဆိုရာတွင် ဒေါ်ညို အပါအဝင် သူမအစ်မနှင့် သမီးကြီးကိုပါ တရားစွဲထားပါသည်။ ထိုအမှုတွင်လည်း ရဲများမှ ဒေါ်ညိုအား တစ်ဖက်မှ တိုင်တန်းထားသော တိုင်တန်းချက်များနှင့် ပတ်သတ်ပြီး လက်မှတ်ထိုးခိုင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ အောက်ပါ ပုဒ်မများဖြင့် တရားစွဲခြင်းများ ပြုလုပ်ပါသည်။

- **ပုဒ်မ - ၂၉၄ (ညစ်ညမ်းသော ပြုလုပ်မှုများနှင့် ညစ်ညမ်းသော သီချင်းများ)**
- **ပုဒ်မ - ၃၂၃ (မိမိအလိုအလျောက်နာကျင်စေမှုအတွက် ပြစ်ဒဏ်)**
- **ပုဒ်မ - ၅၀၆ (ရာဇဝတ်မှုမကင်းသော ခြောက်လှန့်မှုအတွက် ပြစ်ဒဏ်)**
- **ပုဒ်မ - ၁၁၄ (ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူ ကိုယ်တိုင်ရှိနေခြင်း)**
- **ပုဒ်မ - ၃၅၂ (အကြီးအကျယ် ဒေါသထွင်အောင် ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့်ဖြစ်သော လက် ရောက်မှုအတွက်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုအတွက် ပြစ်ဒဏ်)**





ဒေါ်ညိုမှ ထိုတိုင်တန်းချက်တွင် မမှန်ကန်သောစွပ်စွဲခြင်းများ ပါဝင်နေသောကြောင့် ထိုတိုင်တန်းချက်ကို လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့ပါသည်။ နောက်ပိုင်းတွင် ရဲများမှ သူမအား ထိုစာရွက်တွင် လက်မှတ်ထိုးသော်ငြားလည်း တရားရုံးကသာအဓိကဖြစ်၍ တရားရုံးတွင် မဟုတ်ကြောင်း ထွက်ဆိုနိုင်သည်ဟုပြောသောကြောင့် လက်မှတ်ထိုးခဲ့ပါသည်။ ရဲများမှ ထိုသို့ပြုလုပ်ခြင်းသည် တစ်ဖက်ငွေရှင်ကို ကာကွယ် ပေးချင်သောကြောင့် လုပ်ဆောင်သည်ဟု ဒေါ်ညိုတို့ညီအမက ယူဆကြပါသည်။

**လက်ရှိတွင် အမှုရင်ဆိုင်နေရသည်မှာ လအတော်ကြာနေပြီဖြစ်ပြီး ဒေါ်ညိုသည်သူမဖက်မှ အမှန် အတိုင်းထွက်ဆိုပေးမည့်သက်သေများ မရှိသောကြောင့်အခက်အခဲဖြစ်နေပါသည်။**

ဒေါ်ညို၏ ပြောကြားချက်အရ အိမ်နီးချင်းများနှင့်သူမ၏ မိတ်ဆွေများသည်ငွေရှင်ကို ကြောက်သော ကြောင့်လည်းကောင်း၊ ငွေရှင်၏ အသိမိတ်ဆွေများကို ကြောက်ခြင်းကြောင့်လည်းကောင်း၊ ငွေရှင်ဆီမှ ငွေချေးမရမှာ စိုးရိမ်သောကြောင့်လည်းကောင်း အိမ်ရှေ့တွင် အခင်းဖြစ်ပွားနေသည်ကို မြင်နေခဲ့ရသည့်တိုင်အောင် သက်သေအဖြစ် မလိုက်ပေးလိုကြပါ။

**ဒေါ်ညိုသည် ယခင်က ကျန်းမာရေး မကောင်းသည့်အပြင် အခင်းဖြစ်ပြီး နောက်ပိုင်းတွင် ပိုဆိုးလာပါသည်။ တခါ တရံ ခေါင်းများ ကိုက်လာပြီး အာရုံစိုက် အလုပ်လုပ်ရခြင်းများ စာဖတ်ခြင်းများ လုပ်ဆောင်ရာတွင် ကြာကြာ မလုပ်နိုင်တော့ပါ။**

ခေါင်းကိုနံရံဖြင့် ဆောင့်ခံထားရသောဒဏ်ကြောင့် နောက်ပိုင်းတွင် ဒေါ်ညိုမှာ သတိမေ့တတ်လာခြင်းများ၊ တစ်စုံတစ်ရာလုပ်ရာတွင် အာရုံစိုက်ရခက်ခြင်းများဖြစ်လာပါသည်။ ထိုသို့ထိခိုက်မှုကြောင့် ဆေးရုံမှ ဆေး စ်ပေးပြီး ဆေးများကိုညွှန်လိုက်သော်လည်း သူမသည် တစ်ပတ်လျှင် (၂၀,၀၀၀) ကျပ်ကျသင့်သောဆေးဖိုးကို တတ်နိုင်ခြင်း မရှိပါ။

သာဓက ၂

# မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဒေါ်အေးပွင့်

**လစဉ်အတိုးငွေအားပေးရန် နောက်ကျသည့်အတွက် ငွေရှင်သည် ငွေယုံကြည်အပ်နှံစာချုပ်ကိုအသုံးပြုကာ သူမကို တရားစွဲဆိုခဲ့သည်။**



အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၂

အိမ်ထောင်ကွဲအမျိုးသမီးတဦးသည် တနိုင်တပိုင်ငွေတိုးချေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် သူမ၏ဆွေမျိုးနီးစပ်တဦးထံမှ လစဉ်အတိုးပေးစနစ်ဖြင့် ငွေချေးခဲ့သည်။ ယာဉ်မတော်တဆမှုတွင် ထိခိုက်ဒဏ်ရာရခဲ့သည့် သူမ၏သားအတွက် ဆေးကုသစရိတ်အဖြစ် မိသားစု၏စုငွေအားလုံးကို သုံးစွဲလိုက်ရသောကြောင့်ဖြစ်သည်။ သူမထံမှတဆင့် ငွေတိုးယူထားသူများမှ အတိုးငွေပုံမှန် မရခဲ့သည့်အခါ၌ သူမသည်လည်း လစဉ်အတိုးငွေအားပေးသွင်းရန် နောက်ကျခဲ့ရတော့သည်။ ထိုသို့လစဉ်အတိုးငွေအားပေးရန် နောက်ကျသည့်အတွက် ငွေရှင်သည် ငွေယုံကြည်အပ်နှံစာချုပ်ချုပ်ဆိုခဲ့ပြီး ထိုစာချုပ်ကိုပင် အသုံးပြုကာသူမအား တရားစွဲဆိုခဲ့သည်။

**အသက်(၄၈)နှစ် ဒေါ်အေးပွင့်သည် သားသမီး(၅)ဦး၊ အသက်(၈၅)နှစ်အရွယ် အမေအို၊ အကိုနှစ်ယောက်တို့နှင့်အတူ နေထိုင်သည်။ သူမနှင့် သူမခင်ပွန်းသည် လွန်ခဲ့သော(၁၅)နှစ်ခန့်ကတည်းက ကွဲကွာခဲ့ကြကာ သူမ၏ ခင်ပွန်းသည် မိဘများပိုင်သည့် အိမ်တခြမ်းအားပေါင်ထား၍ ရသည့်ငွေများအားလုံးကို ယူပြီးထွက်သွားခဲ့သော ကြောင့်ဖြစ်သည်။**

နောက်ပိုင်းတွင် ဒေါ်အေးပွင့်သည် သူ၏ခင်ပွန်းအား အခြားအမျိုးသမီးတဦးနှင့်နေထိုင်နေသည်ကို တွေ့ခဲ့ရသည်။ နောက်ဆုံးတွင် အိမ်သည်အပေါင်ဆုံးသွားခဲ့ပြီး ဒေါ်အေးပွင့်သည် သားသမီးများနှင့်အတူ သူမ၏အမေနှင့် အကိုတို့ရှိရာသို့ ပြောင်းရွှေ့ခဲ့သည်။ သူမသည်မနက်ပိုင်းတွင် ဈေးထဲ၌ပန်းရောင်းပြီး ညနေပိုင်းတွင်ငါးကြော်ရောင်းခြင်း၊ သနပ်ခါးများရောင်းခြင်း၊ ရပ်ကွက်ထဲတွင် ငွေပမာဏအနည်းငယ်အား တလလျှင် နှစ်ဆယ်တိုးဖြင့် ငွေချေးခြင်းလုပ်သည်။ သားသမီးများအားလုံးသည် ကျောင်းသားများဖြစ်ကြပြီး မိသားစုဝင်ငွေအား မဖြည့်ဆည်းပေးနိုင်ကြပါ။ ၂၀၁၄ ခုနှစ်တွင် ဒေါ်အေးပွင့်၏သား (ရှစ်တန်းကျောင်းသားအရွယ်)သည် ဈေးသို့ပန်းစည်းများ သွားပို့ရာလမ်းတွင် ကားမတော်တဆမှု ပြင်းထန်စွာဒဏ်ရာရခဲ့သည်။ အသက်ရှင်ရန်(၂၀)ရာခိုင်နှုန်းသာ အခွင့်အရေးရှိပြီး ဒေါ်အေးပွင့်သည် စိတ်ထိခိုက်မှုများဖြစ်ခဲ့ရသည်။

**ဒေါ်အေးပွင့်သည် သူမသားအတွက် ဆေးကုသစရိတ်အဖြစ် ငွေကျပ်(၂၅)သိန်းအား အသုံးပြုခဲ့ရသည်။ ထို့အပြင် သားသမီးများအားဆင်ပေးထားသည့် ရွှေဆွဲကြိုး၊ လက်စွပ်နှင့် နားကပ်များအားရောင်းချခဲ့ရသည်။ ဒေါ်အေးပွင့်တွင် သူမခင်ပွန်း၏ ဆွေမျိုးရင်းတဦးမျှအဆက်အသွယ်မရှိဘဲ သူမခင်ပွန်း၏တဝမ်းကွဲဆွေမျိုးအချို့မှ မတော်တဆမှုနှင့် ပတ်သက်၍ ကူညီရန် မေးမြန်းခဲ့သည်။**

သူမခင်ပွန်း၏အဒေါ်တဦးဖြစ်သူ ဒေါ်စိန်သည်တလလျှင် (၁၀)ရာခိုင်နှုန်း အတိုးဖြင့် ငွေ(၁၀)သိန်းအား ချေးပေးမည်ဟုကမ်းလှမ်းခဲ့သည်။ ဒေါ်အေးပွင့်အနေဖြင့်ရပ်ကွက်ထဲတွင်တနိုင်တပိုင်ငွေတိုးချေးခြင်းလုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရန်ဖြစ်သည်။ဒေါ်အေးပွင့်သည် လစဉ်အတိုးငွေအား ပုံမှန်ပေးသွင်းခဲ့သည်။ သုံးလအကြာတွင် ဒေါ်စိန်သည် ဒေါ်အေးပွင့်အား နောက်ထပ် ငွေသိန်း(၂၀) ထပ်မံပေးခဲ့ပြီး လအနည်းငယ်ကြာပြီး နောက်တွင်လည်း နောက်ထပ် ငွေသိန်း(၂၀)၊ နောက်ထပ် ငွေ(၁၀)သိန်းစသည်ဖြင့် စုစုပေါင်း ငွေသိန်း(၆၀)အား ချေးပေးခဲ့သည်။ ထို့ပြင် ဒေါ်စိန်သည် ကိုရီးယားနိုင်ငံမှ တင်သွင်းသည့် မိတ်ကပ်များအားလည်း ရပ်ကွက်ထဲတွင် အကြွေးဖြင့် ရောင်းရန် ဒေါ်အေးပွင့်ကို ပေးခဲ့သည်။



**ဒေါ်အေးပွင့်သည် ဒေါ်စိန်အားလစဉ်အတိုးငွေကို ပေးသွင်းခဲ့သော် ဒေါ်အေးပွင့်၏ တနိုင်တပိုင်ငွေတိုးချေးခြင်း လုပ်ငန်းသည် အတိုးတောင်းရာတွင် ထိထိရောက်ရောက်မတောင်းနိုင်ခဲ့၍ အဆင်မပြေခဲ့ပါ။**

သူမထံမှ ငွေတိုးချေးယူသူများသည် ကျပန်းအလုပ်သမားများဖြစ်ကြပြီး ပုံမှန်အတိုးပေးနိုင်ခြင်းမရှိကြပေ။ အချို့မှာ ငွေတိုးမပေးနိုင်တော့ဘဲ ရှောင်ပြေးကြလေ့ရှိသည်။ ထို့အပြင် ကိုရီးယားမိတ်ကပ်များအား အကြွေးဖြင့်ဝယ်ယူထားကြသူများကလည်း အကြွေးပေးရန် ပျက်ကွက်ခဲ့ကြသေးသည်။ ထို့နောက်တဖန် ဒေါ်အေးပွင့်သည် စိတ်ကျရောဂါခံစားနေရသည့် သမီးကြီးအတွက်လည်း ငွေကြေးအမြောက်အများအား သုံးစွဲလိုက်ရသေးသည်။ ဒေါ်အေးပွင့်သည် သမီးကြီး စိတ်ချမ်းသာစေရန်အတွက် ကျောင်းအထိအတူလိုက်ပြီး ကျွေးမွေးစောင့်ရှောက်ပေးသည့်အပြင်၊ အဝတ်အစားနှင့် အစားအသောက်ကောင်းများအတွက်လည်း ငွေကြေးများ သုံးစွဲခဲ့ရပြန်သည်။



**လစဉ်အတိုးငွေပေးသွင်းနိုင်ရန်ကြိုးစားရခြင်း။**

ဒေါ်အေးပွင့်သည်သူမအမေ၏ပင်စင်လစာ၊ သူမအကိုများ၏လုပ်ခများနှင့်အသေးစားငွေချေးလုပ်ငန်းမှ အတိုးဖြင့်ငွေသုံးသိန်းကျပ် ချေးငှားခဲ့ပြီး လစဉ်အတိုးငွေပေးသွင်းနိုင်ရန်ကြိုးစားခဲ့သည်။ သို့သော်ငြားလည်း နောက်ဆုံးတွင်အတိုးငွေအား ဆက်လက်မပေးနိုင်တော့သည့် အခြေအနေသို့ကျရောက်ခဲ့ရသည်။

**လစဉ်အတိုးငွေ ပေးသွင်းရန် ခက်ခဲနောက်ကျလာသည်ကို သိရသောအခါ ဒေါ်စိန်သည် လုပ်ကြံထားသည့် ငွေယုံကြည်အပ်နှံ စာချုပ်ချုပ်ဆိုရန်လုပ်ခဲ့သည်။**

ဒေါ်အေးပွင့် အတိုးမပေးတော့သည့်အခါ ဒေါ်စိန်မှ ငွေချေးစာချုပ် (ယုံကြည်အပ်နှံ) တစ်ခုကို ပြင်ဆင်လာခဲ့သည်။ အဆိုပါစာချုပ်တွင် လုံးပေါင်းငွေပမာဏတခုပါဝင်ပြီး အဆိုပါပမာဏသည် ဒေါ်အေးပွင့်ချေးငှားထားသည့် သိန်း ၆၀ ရောင်းချထားသည့် အလှကုန်တန်ဖိုးနှင့် ပေးရန်ကျန်ရှိသောအတိုးငွေပမာဏထက်ပိုများနေခဲ့သည်။





**ဒေါ်အေးပွင့်၏ သမီးဖြစ်သူ ဥပဒေကျောင်းသူသည် စာချုပ်အား လက်မှတ်မထိုးပေးရန် အကြံပေးခဲ့သည်။**

နောက်ဆုံးတွင် ဒေါ်စီန်သည် ဒေါ်အေးပွင့်အားစာချုပ်တွင် လက်မှတ်ထိုးရန်ဖျောင်းဖျခဲ့ပြီးပေးသွင်းပြီးသော အတိုးငွေများနှင့်မိတ်ကပ်ဖိုးများအား ထည့်သွင်းခဲ့ခြင်းမရှိပေ။ စာချုပ်တွင် လက်မှတ်ရေးထိုးရာ၌ အသိသက်သေ တဦးတယောက်မျှ မရှိခဲ့ပေ။ စာချုပ်ချုပ်ဆိုပြီး ခြောက်လအကြာတွင် ဒေါ်အေးပွင့်သည် ဒေါ်စီန်၏ရှေ့နေထံမှ ပေးပို့သော သတိပေးစာအားလက်ခံရရှိခဲ့ပြီး ချေးငွေကျပ် (၆၀)သိန်းနှင့် အလုံကုန်ပစ္စည်းဖိုး ကျပ်ငွေ(၁၇ သိန်း ၈သောင်း)အား မပေးသွင်းနိုင်ပါက ရုံးတော်တွင် တရားစွဲဆိုမည်ဟူ၍ပါရှိသည်။ ဒေါ်အေးပွင့်၏ သမီးဖြစ်သူ ဥပဒေကျောင်းသူသည် သူမ၏ အသိရှေ့နေကြီးတစ်ဦးအား အကူအညီတောင်းကာ သတိပေးစာအား အကြောင်းပြန်စာ ပေးပို့ခဲ့သည်။

**ဒေါ်စီန်သည်ဒေါ်အေးပွင့်အား စာချုပ်စာတမ်းဖြင့် တရားစွဲဆိုရန် အမှုဖွင့်ခဲ့သည်။ တရားရင်ဆိုင်ရချိန်တွင် ဒေါ်အေးပွင့်သည် အတိုးငွေစုစုပေါင်းသိန်း၆၀ ပေးသွင်းခဲ့ပြီးဖြစ်သည်။**

**ဒေါ်အေးပွင့်သည် ရှေ့နေငှားရန်မတတ်နိုင်ခဲ့ဘဲ ပထမရုံးချိန်း (၃) လခန့်တွင် စစ်ဆေးမှုအား သူမကိုယ်တိုင်ရင်ဆိုင်ခဲ့ကာ နောက်ပိုင်းတွင်မှအဆက်အသွယ်အချို့ရပြီး ရှေ့နေငှားရန်ပြင်ဆင်နိုင်ခဲ့သည်။ စစ်ဆေးမှုအား သူမကိုယ်တိုင်တင်ပြခဲ့စဉ်က တရားသူကြီး၏ "ရှေ့နေမပါဘဲ အဓိပ္ပာယ်မရှိတာတွေလာပြောနေတယ်" ဟု ပြစ်တင်ခြင်းခံခဲ့ရကာ အဆင်မပြေဖြစ်ခဲ့ရသည်။**

ဒေါ်အေးပွင့်သမီး၏ ဥပဒေရေးရာဗဟုသုတရှိခြင်းနှင့် အသိမိတ်ဆွေများမှ သူမအား တရားစွဲဆိုခံရနိုင်ကြောင်းကြိုတင်သိနှင့် နေခဲ့သောကြောင့်သက်သေရရှိနိုင်ရန်အတွက် အတိုးပေးရာတွင်သက်သေထားခဲ့နိုင်သည်။ ထို့အပြင်အမှုရှုံးခဲ့လျှင်အိမ်မဆုံးရှုံးစေရန် အတွက် အိမ်ပိုင်ဆိုင်မှုအားသူမအကိုသို့ လွှဲပြောင်းပေးထားရန် ရှေ့နေမှ အကြံပေးခဲ့သည်။

ဒေါ်အေးပွင့်သည်သက်သေများ၏အားသာချက်များ ရှိနေစေကာမူ များစွာစိတ်ဓာတ်ကျလျက်ရှိပြီး အမှုပြီးရန်နှင့် မည်သည့်ရလဒ်မဆို လက်ခံလိုက်ရန်သာစောင့်ဆိုင်းလျက်ရှိသည်။ အမှုအားရင်ဆိုင်နေရခြင်းသည် သူမအားစိတ်ဖိစီးစေကာကျန်းမာရေးထိခိုက်စေပြီး စီးပွားရေးလည်း ကျဆင်းစေသည်ဟု ခံစားရသည်။ အမှုသည် တရားသူကြီး သုံးကြိမ်ပြောင်းခဲ့ပြီး တရားလိုရှေ့နေမှလည်း အချိန်ဆွဲနေခဲ့သည်။



# တွေ့ရှိချက်များ၏ အနှစ်ချုပ်





## အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ ချေးငွေ အငြင်းပွားမှုများကို ခံစားကြရသည်။

အမျိုးသားများသည် ငွေချေးခြင်းကိစ္စကို ရှက်စရာ၊ မျက်နှာပျက်စရာကောင်းသည်ဟု ခံစားကြပြီး အမျိုးသမီးများကသာ ပုဂ္ဂလိကချေးငွေများကို အများဆုံးချေးယူကြသည်။ ကလေးများကို တစ်ယောက်တည်း အုပ်ထိန်းနေရသော အမျိုးသမီးများကအတိုးနှုန်း မြင့်မြင့်ဖြင့် ငွေပမာဏနည်းနည်းကို ချေးယူကြသည်။ ဥပမာ-ခင်ပွန်းက စွန့်ခွာသွားပြီး မိသားစုအတွက်ထောက်ပံ့ခြင်းမရသော အမျိုးသမီးများနှင့်အသေးစား ငွေချေးလုပ်ငန်းအတွက်လိုအပ်သော အချက်အလက်များမပြနိုင်သော အမျိုးသမီးများသည် ထိုအခြေအနေများနှင့်ကြုံတွေ့ရသည်။(မှုခင်းအကြောင်းအရာလေ့လာမှုနံပါတ် - ၁)

## အတိုးနှုန်းများသော တရားမဝင် ငွေချေးခြင်းများသည် ထောင်ချောက်တစ်ခု အဖြစ်လျင်မြန်စွာ ပြောင်းလဲသွားသည်။

ငွေယူသူများသည် မမျှော်လင့်သော အခြေအနေများဖြစ်သည့် ကျန်းမာရေးကိစ္စများ၊ ဘေးအန္တရာယ်များ၊ ဝင်ငွေ အနေအထားတစ်ခုကို ဆုံးရှုံးရခြင်းကဲ့သို့ အခြေအနေများကို ကြုံတွေ့သောအခါတွင် အတိုးပေးရန် ပျက်ကွက်ပြီးနောက် အတိုးများတက်လာသည်။

## ငွေချေးပေးသူများ၏ဆဲဆိုခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်းများကို ကြုံတွေ့ရသည်။

(မှုခင်းအကြောင်းအရာလေ့လာမှု နံပါတ် - ၁)

## အကြီးစားငွေချေးပေးသူများသည် ငွေယူသူများကို စာချုပ် အတုများတွင် လက်မှတ်ထိုးစေသည်။

(မှုခင်းအကြောင်းအရာလေ့လာမှု နံပါတ် - ၂) ဤသည်ကို လုံခြုံသောနေရာ၌ ငွေစုခြင်းကဲ့သို့သတ်မှတ်ကြပြီး ငွေယူသူ၏ပိုင်ဆိုင်မှုကို သိမ်းယူရန်ကြိုငွေထုတ်ပေးခြင်း ဟုလည်း ယူဆကြသည်။ တစ်ခါတရံတွင် ငွေချေးပေးသူများသည် ငွေယူသူများကို စာရွက်လွတ်ပေါ်တွင် လက်မှတ်ထိုးခိုင်းကြသည်။

## တရားမဝင် ချေးငွေလုပ်ငန်းများသည် ပျံ့နှံ့နေပြီး သာမန် အခြေအနေတစ်ခုကဲ့သို့ဖြစ်နေသော်လည်း တာဝန်ရှိရဲများ၊ ဥပဒေ အရာရှိများသည် ငွေချေးနေသူများကို အမှုဖွင့် အရေးယူခြင်းမပြုပေ။



မတရားကျူးလွန်မှုများနှင့် ရပ်ရွာအတွင်းရှိ ဆင်းရဲနွမ်းပါး ပြည်သူလူထုများအပေါ် အကြွေး ထောင်ချောက်ကို ကာကွယ်နိုင်ရန် မတရားအတိုးယူ ငွေချေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ အရေးယူဆောင်ရွက်သင့်ပါသည်။

## ရပ်ကွက် အုပ်ချုပ်ရေးမှူးများသည် ကြွေးမြီ အငြင်းပွားမှု များအပေါ် လုပ်ပိုင်ခွင့်များလည်း မရှိသည့်အပြင် တာဝန် ယူရန်လည်း လက်ရှောင်ကြသည်။

ထိုကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် ထိရောက်သော လုပ်ထုံးလုပ်နည်း များလည်း မရှိကြပေ။



## ငွေချေးဆိုင်ရာ တည်ဆဲဥပဒေသည် အသက်ဝင်ခြင်း မရှိဘဲ ငွေချေးသူများသည်လည်း တရားစွဲဆိုခြင်း မခံရပေ။

ပုဂ္ဂလိက ငွေချေးခြင်းသည် တရားမဝင်သော်လည်း အကြွေးနွံနစ်နေခြင်းနှင့် နှိပ်စက်ခံရခြင်းများမှ ကာကွယ်ရန် တာဝန်ရှိသူများသည်ထိုပုဂ္ဂလိကငွေချေးလုပ်ငန်း များကို စနစ်တကျစည်းကမ်းထိန်းသိမ်းပေးခြင်းနှင့် အတိုးနှုန်းများကို ထိန်းချုပ်ခြင်း များ မပြုလုပ်ကြပေ။

# အကြံပြုချက်များ

အကြွေးထောင်ချောက်နှံ့နစ်နေခြင်းနှင့် ချေးငွေအငြင်းပွားခြင်းများသည် ပျံ့နှံ့လာပြီး ပြင်းထန်လှသော နောက် ဆက်တွဲ အကျိုးဆက်များကြောင့် ပုဂ္ဂလိကငွေချေးခြင်းလုပ်ငန်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းမှပယ်ဖျက် ပေးရန် အကြံပြုလိုသည်။ ထိုသို့ပယ်ဖျက်ပါက ကြီးကြပ်မှုဆိုင်ရာလုပ်ထုံး လုပ်နည်းနှင့် အတိုးနှုန်းလျှော့ချခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပြီးရပ်ရွာလူထု အား အကြွေးနှံ့မှလွတ်မြောက်စေခြင်း၊ ငွေချေးသူနှင့် ငွေယူသူနှစ်ဖက်လုံး အတွက် နစ်နာခြင်းများကိုကာကွယ်ပေးနိုင်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးလာနိုင်မည်ဖြစ်သည်။



အမျိုးသမီးနှင့်တရားမျှတမှု ၊ အကြံပြုချက်များ

## တရားမဝင် ငွေချေးခြင်း လုပ်ငန်းများကို နိုင်ငံအဆင့် နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်တို့တွင် ဖြေရှင်းသွားရန် လိုအပ်သည်။

- ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ ဥပဒေနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ရန်နှင့်အဆိုပါ လုပ်ငန်းများအား ပိုမိုထိရောက်စွာ ထိမ်းချုပ်နိုင်ရန်အလို့ငှာ **“၂၀၁၅ ခုနှစ်၊ ငွေချေးခြင်းဆိုင်ရာဥပဒေ”** တည်ဆဲဥပဒေအပေါ် ပြန်လည်သုံးသပ်သင့်သည်။
- ငွေချေးလုပ်ငန်း မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အား လွယ်ကူလျင်မြန်စေရန် ဆောင်ရွက်ပေးပြီး တဖက်တွင်လည်း ထိရောက်သောထိမ်းချုပ်မှုများထားရှိကာ မှောင်ခိုငွေချေး စျေးကွက်မဖြစ်အောင် ကာကွယ်ပေးသင့်သည်။
- ချေးငွေပုံစံပေါ်မူတည်၍ သင့်တင့်သော အတိုးနှုန်းပုံစံများကိုလည်း သတ်မှတ် ပေးသင့် သင့်ကြောင်း၊ ဤသို့ဖြင့် အဆမတန် များပြားလှသောမှောင်ခိုငွေချေး လုပ်ငန်း နေ့ပြန်တိုး၊ လပြန်တိုး၊ အတိုးနှုန်းကိစ္စများ ပပျောက်မည်သွားနိုင်မည် ဖြစ်ကြောင်း။
- မှောင်ခိုစျေးကွက်ပပျောက်စေရန် ပုဂ္ဂလိကချေးငွေလုပ်ငန်းများအပေါ်ကောက်ခံ သော အခွန်အခများလည်း လျှော့ချသင့်ကြောင်း။
- တရားဥပဒေစနစ်၏ အကျင့်ပျက်ချစားမှုအခြေအနေများနှင့် တရားရုံးသို့သွားရန် ကုန်ကျစရိတ်များကြောင့် ငွေယူသူနှင့် ငွေချေးပေးသူတို့သည်ငွေပမာဏ အနည်းငယ်နှင့် ၎င်းတို့၏အငြင်းပွားမှုကို တရားရုံးတွင်ဖြေရှင်းရန် တရားဥပဒေ လမ်းကြောင်းအတိုင်းဖြေရှင်းမှုများမကြိုးပမ်းကြပေ။ ဥပဒေ၏အကျိုးသက်ရောက် မှုများမြှင့်တင်စေရန်နှင့် ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန် အစိုးရ အနေဖြင့်ဖြစ်စေ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများဖြင့်ဖြစ်စေ၊ အရပ်ဖက် အဖွဲ့အစည်းများဖြင့်ဖြစ်စေ ၎င်းတို့နှင့် ပူးပေါင်းပြီး ရပ်ကွက်ကျေးရွာ အတွင်းရှိ ဆင်းရဲနွမ်းပါးပြည်သူလူထုများအတွက် ချေးငွေအငြင်းပွားမှုပြဿနာ များကို ကိုင်တွယ်ဖြေရှင်းပေးရန် ဥပဒေဆိုင်ရာအထောက်အကူများလက်လှမ်းမီ အောင် စီမံကိန်းများ၊ ဝန်ဆောင်မှုများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း။

MyJustice

y,HkuhDonftzUtpnf

European Union

taumift xnfzaqmifonftzUtpnf

BRITISH COUNCIL

**ကြေငြာချက်**

ယခုစာတမ်းတွင် ပါဝင်သော အချက်အလက် အမြင်များသည် ရေးသားပြုစုသူ၏ အမြင်များသာဖြစ်သည်။ ဥရောပသမဂ္ဂ၊ ဗြိတိသျှကောင်စီနှင့် MyJustice စီမံကိန်းတို့၏ ထင်မြင်ယူဆချက်များ လုံးဝမဟုတ်ပါ။